## ၄။ ငှက်ပျောဇာတောင်ပိုး

**Banana lace-wing bug: *Stephanitis typica* (Distant, 1903)**

**Hemiptera: Tingidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**







အကောင်ကြီးအဆင့် အမများသည် (၃-၄) မီလီမီတာခန့်ရှည်၍ (၁.၅ -၂.၅ ) မီလီမီတာ အကျယ်ရှိပြီး ဇာကွက်ကဲ့သို့ အကွက်များ **ပါရှိသည်။** အရောင်ဖြော့အဖြူရောင်ရှိသော အတောင်များ နှင့် အရောင်ရင့်သည့် ဝမ်းဗိုက်ပိုင်းကို မြင်နိုင်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**







အကောင်ကြီးနှင့် ပိုးမမည်များသည် ရွက်လ**ယ်**ကြောအနီး၊ အရွက်အောက်မျက်နှာပြင် ပေါ်တွင် စားသောက်ဖျက်ဆီးသည်။ အရွက်၏အပေါ်မျက်နှာပြင်တွင် အဝါဖျော့ရောင် အစက်အပြောက်များ ဖြစ်ပေါ်စေပြီး အောက်မျက်နှာပြင်ပေါ်တွင် အရောင်ရင့်သည့်ပိုးချေးများ တွေ့နိုင်သည်။

**ဘဝစက်ဝန်း**

ဥအဆင့် -(၁၂)ရက်

ပိုးမမည်အဆင့် -(၁၃)ရက်

အကောင်ကြီးအဆင့် **– (၄–၁၀)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဖျက်ပိုးကျရောက်မှု ရှိ/မရှိ ကို ပုံမှန် ကင်းထောက်ပါ။ အလင်းရောင်ထောင်ချောက်ထွန်း၍ ကင်းထောက်နိုင်သည်။

**(**၂)ပင်လုံးပြန့်ပိုးသတ်ဆေးတမျိုးမျိုးကို ဆေးအညွှန်းအတိုင်း အကောင်ရှိ သည့် နေရာရောက်အောင် ပက်ဖျန်းခြင်းဖြင့် နှိမ်နင်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာတွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- အဆီတာမီပရစ်(Acetamiprid)
- ဒိုင်မီသိုအိတ်(Dimethoate)